# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေ

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁/ ၂၀၀၄)

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် —

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း** ဆိုသည်မှာ လူ၏ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် လူ၏ခန္ဓာကိုယ်တစ်ခုလုံးလည်း ပါဝင်သည်။

(ခ) **သေဆုံးခြင်း** ဆိုသည်မှာ လူတစ်ဦး၏ ဦးနှောက်လုပ်ငန်းများ အားလုံး ရပ်စဲသွားသည့် အခြေအနေကို ဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ** ဆိုသည်မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူသော်လည်း အသက်

အန္တရာယ်မရှိနိုင်လျှင် ယင်းကိုယ်အင်္ဂါ အစိတ်အပိုင်းကို ထုတ်ခွင့်ပြုသူ သို့မဟုတ် သေဆုံးသည့်အခါ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ပြုကြောင်း ကြိုတင် ဆန္ဒပြုထားသူကို ဆိုသည်။

(ဃ) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူ** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူအဖြစ် ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သူကိုဆိုသည်။

(င) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့် အညီ ထုတ်ယူခြင်းကို ဆိုသည်။

(စ) **လက်ခံရေးဌာန** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းအတွက် လက်ခံသည့်ဌာနကို ဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကော်မတီကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသမှုခံယူရမည့်သူများ၏အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းချွတ်ယွင်း၍မသန်မစွမ်းဖြစ်နေသူများအား ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသပေးနိုင်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးလုပ်ငန်းနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း (၃)

## ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် —

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်–

(၁) ဝန်ကြီး ... ဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(၂) သက်ဆိုင်ရာအစိုးရဌာန ... အဖွဲ့ဝင်
အဖွဲ့အစည်းမှကိုယ်စားလှယ်များ

(၃) သင့်လျော်သောပညာရှင် ... အဖွဲ့ဝင်
ကျွမ်းကျင်သူများ

(၄) ကျန်းမာရေးဝန်ကြီးဌာန ... အတွင်းရေးမှူး
ဝန်ကြီးကတာဝန်ပေးအပ်သူ

(ခ) လိုအပ်လျှင် ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)

## ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ် သည် –

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ကိုယ်အင်္ဂါအစိတ် အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာရေး အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန် ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းများ အရည်အသွေးစစ်ဆေးခြင်း၊ ထုတ်ယူခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းတကျဖြစ်စေရန် လမ်းညွှန်ခြင်း၊

(ယ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေး လုပ်ငန်း ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းနှင့်သက်ဆိုင်သော သုတေသန လုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်း များကို ဆောင်ရွက်စေရန် လမ်းညွှန်ခြင်း၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးခြင်းဆိုင်ရာ ပညာရှင် များ၊ သုတေသနပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ် ရန် စီမံဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများ ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက် များ သတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီ ရယူခြင်း၊ အလှူငွေ၊ ပစ္စည်းတို့ကို လက်ခံရယူခြင်း၊ စနစ် တကျ ထိန်းသိမ်းထားရှိခြင်းနှင့် ခွဲဝေသုံးစွဲခွင့်ပြုခြင်း။

၇။ ကော်မတီသည် လိုအပ်သော ဒေသများတွင် လက်ခံရေးဌာနများ သတ်မှတ်ပေးနိုင်ရန် သက်ဆိုင်ရာဌာနသို့ ညွှန်ကြားနိုင်သည်။

၈။ ကော်မတီသည် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ် သလိုဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ် ပေးနိုင်သည်။

## အခန်း (၅)

## ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း

၉။ အသက် ၁၈ နှစ် ပြည့်ပြီးသူသည် မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းနိုင်သည်။

၁၀။ ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးသည် မိသားစုအတွင်း၌ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းနိုင်သည်။

၁၁။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ လက်ခံနိုင်သည်။

၁၂။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို လက်ခံလျှင်–

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာအုပ်တွင် အမည်စာရင်း ရေးသွင်းရမည်။

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူကို ဖြစ်စေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသော ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းကို ဖြစ်စေ အသိအမှတ်ပြုလွှာ ထုတ်ပေးရမည်။

၁၃။ သေဆုံးသူသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူဖြစ်ကြောင်း သိရှိပါက ထိုသူသေဆုံးသည့်ဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူကလည်းကောင်း၊ နေအိမ်မှ တာဝန်ရှိသူကလည်းကောင်း အနီးဆုံးရှိ လက်ခံရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်။

၁၄။ (က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူသည် အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံကာ မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ အကြောင်းကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားလာလျှင် လက်ခံရေးဌာနသည် အဆိုပါ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏အမည်ကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည်။

## အခန်း (၆)

## ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း

၁၅။ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် သက်ဆိုင်ရာပညာရှင် သို့မဟုတ် ကျွမ်းကျင်သူကသာ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်။

၁၆။ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့် ရှိသူသည် အောက်ဖော်ပြပါ တစ်ဦးဦး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၊

(ခ) ပိုင်ရှင်မရှိသည့် သေဆုံးသူ၊

(ဂ) ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးက ပုဒ်မ ၁၀ အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းခံရသည့် သေဆုံးသူ။

၁၇။ မှုခင်းဆရာဝန်သည် မှုခင်းဖြစ်ရပ် တစ်ခုခုတွင် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့် ရှိသူက တောင်းခံလာလျှင် ခွင့်ပြုရမည်။ သို့သော် အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်မပြုရ-

(က) မသေဆုံးမီက မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းရန် ဆန္ဒမရှိကြောင်း စာရေးသားထားခဲ့သူဖြစ်ခြင်း၊

(ခ) ထုတ်ယူမည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာ မှုခင်းဆရာဝန်က ရင်ခွဲစစ်ဆေးမှု အပြီးသတ်မဆောင်ရွက်ရသေးခြင်း၊

(ဂ) ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးက ကန့်ကွက်ခြင်း။

၁၈။ ပုဒ်မ ၁၃ အရ အကြောင်းကြားလာသည့်အခါ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းကို သတ်မှတ်သည့် အချိန်ကာလအတွင်း ထုတ်ယူရန် သို့မဟုတ် သယ်ယူရန် စီစဉ်ဆောင်ရွက်ရမည်။

အခန်း (၇)

## ကိုယ်အင်္ဂါအစိတ်အပိုင်း သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း

၁၉။ လက်ခံရေးဌာနသည် ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ထားရှိရမည်။
၂၀။ လက်ခံရေးဌာနသည် အောက်ပါတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) လက်ခံရရှိထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသရန် ထုတ်ပေးခြင်း၊

(ခ) အစားထိုးကုသရေးတွင် အသုံးပြုနိုင်ခြင်းမရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ပညာသင်ကြားရန် ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ ထုတ်ပေးခြင်း။

အခန်း (၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်

၂၁။ မည်သူမဆို ကိုယ်အင်္ဂါအစိတ်အပိုင်းကို အဖိုးစားနားဖြင့် ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြစ်မှုကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အခန်း (၉)

## အထွေထွေ

၂၃။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် မျက်စိလှူဒါန်းခြင်းဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍မူ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။

၂၅။ ကျန်းမာရေးဝန်ကြီးဌာနသည် —

(က) ကော်မတီ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးရမည်။

၂၆။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ထိုသူကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၇။ ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်သည် ကော်မတီက သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
**ဗိုလ်ချုပ်မှူးကြီး**
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ